ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



လူထုစည်းရုံးရေးမှူးအမည် - ဦးစည်သူနောင်

လက်ထောက်နည်းပညာမှူးအမည် - ဦးသန့်ဇင်ဦး

ကွမ်လှာကျေးရွာအုပ်စု၊ ကွမ်လှာကျေးရွာ

2019 ခုနှစ်

# မာတိကာ


စဉ်　　အကြောင်းအရာ　　စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ

၂။ ကွမ်လှာကျေးရွာတည်နေရာပြမြေပုံ

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း...........................................................................................

၄။ ကျေးရွာအခြေခံအချက်အလက်များ 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ......

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).................................................................................................

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)......................................................................................

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
Chaungzon
MUDON
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU

## ၂။ ကွမ်လှာကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကွမ်လှာကျေးရွာအုပ်စု | ကွမ်လှာကျေးရွာ |
| | ကော့ရမ္မာကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - ကွမ်လှာကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - ကွမ်လှာကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၁၅၄၁၊ မ ၁၅၇၉၊ စုစုပေါင်း ၃၁၂၀ ဦး |
| အိမ်ထောင်စု | - ၅၅၂ စု |
| ကျန်းမာရေးဆေးပေးခ | - ရှိ |
| ပညာရေးအဆောက်အဦး | - ရှိ |
| ဘာသာရေးအဆောက်အဦး | - ဘုရား၊စေတီ ၊ဘုန်းကြီးကျောင်း |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်ယာလုပ်ငန်း၊ ကျဘမ်း |
| အဓိက ပိုင်ဆိုင်မှု | - လယ်ယာ၊ |
| အခြားဆက်နွယ်မှု ရှိ/မရှိ | - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ |


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 14.8.2018 | ကျေးရွာလူထု | 97 | 202 | 299 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 14.8.2018 | ကျေးရွာလူထု | 97 | 202 | 299 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက် မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 15.8.2018 | ကျေးရွာလူထု | 86 | 231 | 317 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 14.8.2018 | ကျေးရွာလူထု | 97 | 202 | 299 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 14.8.2018 | ကျေးရွာလူထု | 97 | 202 | 299 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားမျှား၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 15.8.2018 | ကျေးရွာလူထု | 86 | 231 | 317 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 15.8.2018 | ကျေးရွာလူထု | 86 | 231 | 317 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**ကွမ်လှာကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်လှာ ကျေးရွာအုပ်စု၊ ကွမ်လှာ ကျေးရွာတွင် အိမ်ထောင်စု (၅၅၂) စုရှိပြီး လူဦးရေးစုစုပေါင်း (၃၁၂၀) နေထိုင်ပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပြီး ဘုန်းတော်ကြီးကျောင်းများမှာ စေတီနှင့် တွဲလျှက်တွေ့ရှိပါသည်။ ပညာရေးအဆောက်အဦး အနေဖြင့် အလယ်တန်းကျောင်း(၁)ကျောင်း၊ နှင့် မူကြိုကျောင်း(၁)ကျောင်းရှိသောကြောင့် ကျေးရွာတွင်း၌ အလယ်တန်းပညာရေးအဆင့်အထိ ပညာသင်ကြားနိုင်ပါသည်။ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် စာသင်ကျောင်းပြုပြင်ရေး လုပ်ငန်းများဖြစ်သော စာသင်ကျောင်းမျက်နှာကြက်ပြုပြင်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ စာသင်ကျောင်း ခြံစည်းရိုးပြုပြင်ခြင်း၊ စာသင်ကျောင်းတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းခွဲများပြုလုပ်ခဲ့ပါသည်။ အထက်တန်းပညာသင်ယူရန်အတွက် မုရစ်ကလေးနှင့် ကမာကေး ကျေးရွာတွင်သွားရောက်၍ ပညာသင်ကြားကြပါသည်။ ကျေးရွာတွင် ဆေးပေးခန်းရှိသည့် အတွက်အခြေခံ ကျန်းမာရေးဖြစ်ပေါ်လာပါက ကျေးရွာတွင်ကုသနိုင်ပါသည်။ အရေးပေါ်


ကျန်းမာရေးအခြေနေဖြစ်ပေါ်လာပါကမုရစ်ကလေး တိုက်နယ် ဆေးရုံသို့ သွားရောက်ကုသရကြောင်း သိရှိရပါသည်။ ထို့ပြင် စာကြည့်တိုက်၊ ဈေး၊ ဘောလုံးကွင်းများလည်း ရှိသည့်ကို တွေ့ရှိရပါသည်။

ကျေးရွာ၏မိန်းလမ်းတစ်လမ်းသာ ကတ္တရာလမ်းဖြစ်ပါသည်။ ကျန်လမ်းများသည် မြေနီလမ်းများဖြစ်၍ အချို့လမ်းများမှာ ကွန်ကရစ်ခင်းထားပါသည်။ မြေနီလမ်းများမှာ မိုးရွာသည့်အခါ လမ်းများ၌ ဗွတ်ထ၍သွားလာရခက်ခဲပါသည်။ လူထုဗဟိုပြု စီမံကိန်းပထမနှစ်တွင် ကျေးရွာတွင်းရှိ အဓိကကျသော ရွာပါတ်လမ်းပေ(၁၀၀၀)ကို ကွန်ကရစ်လမ်းခင်းခဲ့ပါသည်။ လူထုဗဟိုပြု စီမံကိန်းဒုတိယနှစ်စီမံကိန်းစက်ဝန်းတွင် ကျေးရွာ၏အဓိကကျသောလမ်း(၃)ဖြစ် သောစာသင်ကျောင်းလမ်း ၊ရွာပါတ်လမ်း၊ ကွက်သစ်လမ်းတို့အား ကွန်ကရစ်လမ်းခင်းခဲ့ပါသည်။ ရေရရှိမှုအနေဖြင့် ကွမ်လှာကျေးရွာတွင် ရေတွင်းများသည် စုပေါင်းသုံးစွဲရန်အတွက်သာရှိပြီး နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ ကျေးရွာတွင်ရှိ ပုဂ္ဂလိကအဝီစိတွင်းများမှ ရေးဝယ်ယူသုံးစွဲနေရပါသည်။

အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ ရောဘာစိုက်ပျိုးရေးကိုလည်း အဓိကထားလုပ်ကိုင်ကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ကျဘမ်းလုပ်ကိုင်ကြပါသည်။ အချို့မှာ ကျဘမ်းလုပ်ကိုင်ရာတွင်ကျေးရွာအတွင်တွင်သာမဟုတ်ပဲ တစ်ခြာကျေးရွာများသို့ သွားရောက်လုပ်ကိုင်ရခြင်း၊ အလုပ်အကိုအခွင့်အလမ်းရှားပါးခြင်း စသည့်အခြေနေများကြောင့် လူငယ်အများစုသည် အလုပ်အကိုင်အခွင့်အလမ်းများရရှိသော နိုင်ငံရပ်ခြားတွင် ရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ကျန်ရှိသောမိသားစုဝင်များမှာ ၄င်းတို့ထံမှထောက်ပံ့ပေးပို့လိုက်သော ငွေကြေးဖြင့်ရပ်တည် နေထိုင်ကြပါသည်။

ကွမ်လှာကျေးရွာတွင် အများပြည်သူသုံး အခြေခံအဆောက်အဦးများမှာ ပြည့်စုံလုံလောက်မှုမရှိသေးပဲလိုအပ်ချက်များ ရှိနေသေးပါသည်။ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ပံ့ပိုးကူညီဆောင်ရွက်မှသာလျှင် အခြေခံအဆောက်အဦးများ လျင်မြန်စွာပြည့်မှီပြီး အကျိုးခံစားခွင့်ရနိုင်မည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုအတွက်လည်း အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သည့်သင်တန်း များအားကျေးရွာသူ/သားများအားပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာသုံးသပ် ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်




**ကွမ်လှာကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကွမ်လှာကျေးရွာတွင် ကျေးရွာတွင်း၌ဖွဲ့စည်းထားသော အဖွဲ့ (၁၀)ဖွဲ့ရှိပါသည်။ ပြင်ပအဖွဲ့အစည်း (၆) ဖွဲ့ ရှိပါသည်။


1. အုပ်ချုပ်ရေးမှူးအဖွဲ့
2. နာရေးကူညီမှုအဖွဲ့
3. ဂေါ်ပကအဖွဲ့
4. ကျောင်းကော်မတီ

5. ကျေးရွာစီထောက်ကော်မတီ
6. မီးသက်
7. ပြည်သူ့စစ်
8. ပရဟိတအဖွဲ့
9. မိခင်နှင့်ကလေး
10. အမျိုးသမီးရေးရာ

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ မှအုပ်ချုပ်ရေးအဖွဲ့၊ နာရေးကူညီမှုအဖွဲ့နှင့် ဂေါပကအဖွဲ့များသည် ကျေးရွာတွင် လွှမ်းမိုးမှုအရှိဆုံး အဖွဲ့များဖြစ်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေကြသော အဖွဲ့အစည်းများဖြစ်ပါသည်။ မီးသတ်၊ မိခင်နှင့်ကလေး၊ ပြည်သူ့စစ်၊ အမျိုးသမီးရေးရာ၊ ပရဟိတအဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်နေသောလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အားနည်းနေသည့်ကို တွေ့ရှိရပါသည်။ ကျေးရွာစီထောက် ကော်မတီများသည့်လည်း ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေသော အဖွဲ့များ ဖြစ်ပါသည်။

ကျေးရွာပြင်ပမှကျေးရွာသို့ ချိတ်ဆက်သောအဖွဲ့အစည်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ၊ ကျန်းမာရေးအဖွဲ့များ၊ မသန်းစွမ်းအရင်းမြစ်ဌာန၊ unicief ၊ S C အဖွဲ့များသည် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ပြီး လူထုနှင့်ပြန်လည်ချိတ်ဆက်၍ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများပေးလျှက်ရှိပါသည်။ ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများသည် ချိတ်ဆက်ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



### ကွမ်လှာကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်


ကွမ်လှာကျေးရွာတွင် အိမ်ထောင်စု (၅၅၂) စုရှိပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရာဘာခြံလုပ်ငန်းနှင့်ကျဘမ်းလုပ်ငန်းများကိုအဓိကလုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၃၀) သည်လယ်ဧက (၅၀) နှင့် အထက်၊ ရာဘာခြံ (၂)ဧကနှင့် ံအထက်၊ တိုက်အိမ်၊ အိမ်စီးကား၊ကုန်စုံဆိုင် ၊များပိုင်ဆိုင်ကြပြီး ချမ်းသာသော အိမ်ထောင်စုများဖြစ်သည်။

အိမ်ထောင်စု (၂၅၀) မှာ လယ် (၁၀) ဧကအထက်၊ ဆိုင်ကယ်၊ ရာဘာခြံ (၁) ဧကအထက်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊တစ်ပိုင်တစ်နိုင်စျေးဆိုင်များရှိပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (ခ) တွင်ရှိသည်။

အိမ်ထောင်စု (၂၇၂)စု မှာ ကျဘမ်းလုပ်ကိုင်သူ၊ ဝါးအိမ် ၊ ခေါင်းရွက်စျေးသည် မြေယာ ပိုင်ဆိုင်မှုမရှိသူ များသည် ဓနအင်အားအဆင့် သတ်မှတ်ချက် (ဂ)တွင်ရှိပါသည်။

ကျေးရွာ၏ သုံးပုံ (၁)ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၄င်းကဲ့သို့ဖြစ်နေခြင်းမှာ စိုက်ပျိုးရေးကိုသာ အဓိကအားထားနေကြရသော်လည်း စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များ ပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာ များ တတ်မြောက်မှု နည်းပါးခြင်းအပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ် ရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



## ကွမ်လှာကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ကွမ်လှာ ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

၁။ အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အမျိုးသမီးများထက် အခွင့်အလမ်းပိုများကြပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများ ကို ပိုမိုလုပ်ကိုင်နေရသောကြောင့် အမျိုးသားများနှင့် ယှဉ်လျှင် အခွင့်အလမ်းရှားပါးကြပါသည်။ လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖေါ်သော ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများအကောင်အထည်ဖေါ်သည့်အချိန်တွင်မှ ဝင်ရောက်လုပ်ကိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကြပါသည်။

၂။ ခေါင်းဆောင်မှု

ခေါင်းဆောင်မှုကဏ္ဍတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုများပြားပါသည်။ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စများ လုပ်ကိုင်နေရသောကြောင့် အားနည်းရခြင်းဖြစ်ပါသည်။ အမျိုးသမီးများကိုယ်တိုင်ကလည်း ခေါင်းဆောင်မှုအပိုင်းသည်အ မျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု ယူဆထားနေကြပါသေးသည်။ လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာလူထု၏သဘောဆန္ဒဖြင့် ရွေးခြယ်တင်မြောက်ထားသော ကျေးရွာစီမံကိန်း အဖွဲ့ဝင်အမျိုးသမီးများသည်သာ ခေါင်းဆောင်မှု အပိုင်းတွင် မြင့်တက်လာပြီး ကျန်အမျိုးသမီးများမှာ ခေါင်းဆောင်မှု ပိုင်း အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

၃။ ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက် အချိုးကျမှု ရှိနေသည်ကို တွေ့ရပါသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့် အလမ်းတွင် အမျိုးသမီးများထက် သာသောကြောင့် ဝင်ငွေရရှိမှုအပိုင်းမှာလည်း အမျိုးသားများမှာ အမျိုးသမီးများထက် ပိုမိုရရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းတွင် တူညီသောအလုပ်အတွက် တူညီသော လုပ်အားခပေးချေမှုမှာ တန်းတူဖြစ်သောလည်း လုပ်ငန်းအားလုံးနီးပါးတွင် လုပ်အားခပေးချေမှုမှာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့်လည်း ဝင်ငွေရရှိမှု အပိုင်းတွင် အမျိုးသားများက ပိုမိုရရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

၄။ အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်၍ လုပ်ကိုင်နေရသည်ကို တွေ့ရှိ ရပါသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ကာဆောင်ရွက်လုပ်ကိုင် နေသောကြောင့် ဖြစ်သည်။ အမျိုးသားများလည်း အိမ်မှုကိစ္စ များကို ဝိုင်းဝန်းလုပ်ကိုင်လာသည်ကိုလည်း တွေ့ရပါသည်။

၅။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဤကဏ္ဍတွင် အမျိုးသားအမျိုးသမီးများသည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု သိပ်မကွာကြပါ၊ အတူတကွရှာဖွေစုဆောင်းပြီး ရရှိလာသော ပစ္စည်း ဥစ္စာများအား အတူတကွ သုံးစွဲကြပါသည်။

၆။ လုံခြုံမှု

ဘဝလုံခြုံမှု အပိုင်း ကိုလေ့လာရာတွင် အမျိုးသားများမှ ပိုမိုမြင့်မားသည်ကို တွေ့ရပါသည်။ လေ့လာသုံးသပ်ချက်များအရ အမျိုးသမီးများ ဘဝလုံခြုံ မှု နိမ့်ကျနေခြင်းမှာ မိဘဆွေမျိုးများနှင့် ပတ်ဝန်းကျင် ကြောင့် ၄င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကြောင့် လုံခြုံမှု အားနည်းနေသည်ဟု ခံစားနေရခြင်း ကြောင့် ဖြစ်ကြောင်းတွေ့ရှိ ရပါသည်။

၇။ ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှာ အမျိုးသားများထက် အခွင့်အရေးပိုမိုရရှိပါသည်။ ထိုသို့ ဖြစ်ရသည်မှာ အမျိုးသားများသည် အိမ်၏ဝင်ငွေရှာဖွေရန်အတွက် အလုပ်ထွက်လုပ်ရသော ကြောင့်ဖြစ်ပါသည်။

၈။ ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်

ဤကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ ၊ကျေးရွာဖွံ့ဖြိုးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများလည်း ပိုမိုပါဝင်လာပြီး ရပ်ရွာအရေး ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချလာ သည်ကို တွေ့ရှိရပါသည်။

၉။ အရင်းအမြစ်များကိုစီမံခန့်ခွဲအသုံးပြုမှု

ဤကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ။ ကျေးရွာ၏ အရင်းမြစ်များကို စီမံခန့်ခွဲ အသုံးပြုရာတွင် အမျိုးသမီးများလည်း ပိုမိုပါဝင်လာသည်ကို တွေ့ရှိရ ပါသည်။

၁၀။ ရပ်ရွာအရေးကိစ္စများတွင်ပါဝင်ခွင့်

ဤကဏ္ဍတွင် လည်း အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရပ်ရွာအရေးကိစ္စ များတွင် ပါဝင်ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



### ကွမ်လှာကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာအုပ်စု၊ ကွမ်လှာကျေးရွာတွင် တန်ခူးလတွင် ပိုမိုပူပြင်းပြီး ဝါဆို၊ ဝါခေါင်လတွင် မိုးများသည်။ ပြာသို၊ တပို့တွဲလတွင် အအေးဆုံးဖြစ်သည်။ ကျန်းမာရေးအနေဖြင့် ဝါဆို၊ ဝါခေါင်၊နတ်တော်လများတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များ သည်ကို တွေ့ရှိရပါသည်။

လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းကို လုပ်ကိုင်ကြသော အိမ်ထောင်စု (၂၂၅) စုရှိပါသည်။ကဆုန်၊ နယုန်လများတွင် ထွန်ယက်မျိုးကြဲကြပြီး ဝါဆို၊ ဝါခေါင်လများတွင် စိုက်ပျိုး၍ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ရိတ်သိမ်းကြပါသည်။လယ်ယာစိုက်ပျိုးခြင်းဖြင့် တစ်နှစ်ဝင်ငွေ ၂သိန်း ခန့်ရရှိပါသည်။ အဓိကပြဿနာအနေဖြင့် ပိုးကျခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ ရေငံဝင်ခြင်းရောက်ခြင်း၊ ချောင်းကောနေခြင်း တို့ကို တွေ့ကြုံနေရပါသည်။

ရာဘာခြံလုပ်ငန်းအနေဖြင့် ပြာသို၊ တပိုတွဲလများတွင် ရာဘာထွက်နှုန်းကောင်းပါသည်။ အိမ်ထောင်စု (၁၅၀) ခန့်လုပ်ကိုင်ကြပြီး ရာဘာစိုက်ပျိုးရေးလုပ်ငန်းမှ ၂သိန်းခန့် ဝင်ငွေရရှိကြပါသည်။ ပွဲတော်ကာလအနေဖြင့် တန်းခူး၊ ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ရိုးရာပွဲတော်များရှိပါသည်။ နေ့စားလုပ်ကိုင်သူများမှာ တစ်နှစ်ပတ်လုံးလုပ်ကိုင်ကျပြီး ကျေးရွာတွင်း

သာမက တစ်ခြားသောကျေးရွာများတွင်ပါ လုပ်ကိုင်ရပါသည်။ ရေရရှိမှုအနေဖြင့်တပေါင်း၊ တန်ခူးလများတွင် ရေရှားပါးသည့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### ကွမ်လှာကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်


ကျေးရွာတွင်ရှိသော အခြေခံအဆောက်အအုံများ နှင့် အရင်းအမြစ် များကို အမျိုးသား နှင့် အမျိုးသမီး များအတူတူပိုင်ဆိုင်ကြသည်ကို တွေ့ရှိရပါသည်။ အခြေခံအဆောက်အအုံများ နှင့် အရင်းအမြစ် များ ထိန်းချုပ်မှု တွင် လည်း အမျိုးသား အမျိုးသမီးများ နှစ်ဦးစလုံး ထိန်းချုပ်မှုရှိသည်ကို တွေ့ရှိရပြီး ရေတွင်း ဘောလုံးကွင်း၊ လယ်ယာမြေ များကို အမျိုးသားများက ပိုမို ထိန်းချုပ်ထားသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများ ထိန်းချုပ်မှုပိုင်းတွင် အားနည်းရသည့်အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ ဦးစားပေးနေရခြင်း နှင့် လုပ်ကိုင်နေခြင်းကြောင့်ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်းကျေးရွာလူထုနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရန် ကျေးရွာသို့ရောက်ရှိလာပြီးနောက် အမျိုးသမီးများသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် အခြားပရဟိတ လုပ်ငန်းများတွင်လည်း ဝင်ရောက် ဦးဆောင်၍ ဆောင်ရွက် နေကြသည်ကိုလည်း တွေ့ရှိရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)



... Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအေးမြင့် | 09.979[illegible]63970 | ဦး[illegible] |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ကွမ်လျာ | ကွမ်လျာ |

တစ်ရွာလုံးရှိ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မွန် | 552 | ဘာသာ (၁) ဗုဒ္ဓ | 552 |
| လူမျိုးစု (၂) | | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုများ | | ဘာသာများ | |
| အခြား | | | |
| မသန်စွမ်းသူများ | 80 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 122 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) မွန် | 1541 | 1579 |
| လူမျိုးစု (၂) | | |
| လူမျိုးစု (၃) | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 440 | 112 |

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|
| [illegible] | ✓ | [illegible] | ☐ | စေတီ | ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ✓ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ✓ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်ဝမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ✓ | ☐ | ပန်းရံ | ✓ | ✓ |
| အလယ်တန်းပြဆရာ/မ | ✓ | ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ✓ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ✓ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ✓ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၆ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? အတည်ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

ခြောက်သွေ့ရာသီတွင်ကြာချိန် 5 မိနစ် ------ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှည်း/ မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 7 မိနစ် ------------ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှည်း/ မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☑ မရှိပါ　　□ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဆီးရေး ရေး ကော်မတီ

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ　　☑ ရှိပါသည်


ကျေးရွာ ... ခေါင်း　　　　အမည် ဦး ... မြင့်

　　　　　　　　　　　　လက်မှတ် ...　　ခန့်

လူထုစည်းရုံးရေးမှူး　　　　အမည် - ဦး ... ကျော်

　　　　　　　　　　　　လက်မှတ် ...　　ခန့်ခွဲ

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - ဝ - ၂ - စီ ဒိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| လမ်းညွှန်ချက်၊ ဤပုံစံကို ဖြည့်သွင်းရမည်။ | သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးဆုံးတိုင်း ကျေးရွာနှင့် [illegible] |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးဧသင်သူရောင် | |
| နေ့စွဲ 14.8.2018 | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ချင်း / မြို့နယ် ရေဘဲ့ / ကျေးရွာအုပ်စု ကွမ်လှာ / ကျေးရွာ ကွမ်လှာ | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ - စတင်သည့်နေ့ | နေ့စွဲ - ပြီးဆုံးသည့်နေ့ | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် - အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်အရေအတွက် နှင့် လူမျိုး[illegible] | | |
|---|---|---|---|---|---|---|---|---|
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.8.2018 | 14.8.2018 | ၉၇ | 202 | ၂၉၉ | ချင်း - ၂၉၉ | 557 | 54.17% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 15.8.2018 | 15.8.2018 | 86 | 231 | 317 | ချင်း - 317 | 552 | 57.43% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 27.8.2018 | 27.8.2018 | 12 | 18 | 30 | ချင်း - 30 | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ပြန်သို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

## ၁၁။ အစည်းအဝေးမှတ်တမ်းများ

ကျေးရွာအမည် ။ ။ ကွမ်လှာ

ကျေးရွာအုပ်စု ။ ။ ကွမ်လှာ

ရက်စွဲ ။ ။၁၄.၈.၂၀၁၈

စတင်ချိန် ။ ။၁၀း၀၀

ပြီးဆုံးချိန် ။ ။၃း၀၀

အကြောင်းအရာ ။ ။ ပထမအကြိမ် အစည်းအဝေး

အစီရင်ခံသူ ။ ။ ဦးစည်သူနောင်

ကွမ်လှာကျေးရွာအုပ်စု ကွမ်လှာကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းတွင် ( ၁.၁၀.၂၀၁၇ ) ရက်နေ့ (၁၀) နာရီချိန်တွင် ကျေးရွာပထမအကြိမ် အစည်းအဝေး ကို ကျင်းပခဲ့ပါသည်။ အိမ်ထောင်စု (၂၉၉) စု တက်ရောက်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့် အမှာ စကားပြောကြားခဲ့ပါသည်။ ဒုတိယနှစ်စီမံကိန်းပြီးဆုံး သွားပြီးဖြစ်၍ တတိယနှစ်စက်ဝန်းစီမံကိန်း စတင် အကောင်အထည် ဖေါ်တော့မည်ဖြစ်ကြောင်း ၊ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက ထား၍လုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး အားလုံး တိုင်ပင်ဆွေးနွေး၍ စုပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး အတွက် ကျေးရွာရှိ လူတိုင်းတွင် တာဝန်ရှိပါကြောင်း ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင် လူဟောင်း နှင့် လူသစ် အတူ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာ လူထု မှလည်း မိမိ ကျေးရွာ၏ အမှန်တကယ် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများကို သာ ရွေးခြယ်တင်ပြစေလိုကြောင်း၊ လူထုဗဟိုပြုစီမံကိန်းကြောင့် မိမိ တို့ ကွမ်လှာကျေးရွာတွင် လိုအပ်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်စည်းနိုင်ခဲ့၍ အရင်တုန်းကထက် ဖွံ့ဖြိုးတိုးတက်လာတာ မျက်မြင်ပဲဖြစ်ကြောင်း ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ အကောင်အထည်ဖေါ်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းနှင့်အတူ ကျေးရွာလူထု မှ ပူးပေါင်းပါဝင်၍ မိမိကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ကူညီဆောင်ကြစေလိုကြောင်း၊ ပြောကြားခဲ့ပါသည်။

စီမံကိန်းမိတ်ဆက် (၁၅) ချက်ကို ဦးစည်သူနောင်မှ တင်ပြဆွေးနွေးခဲ့ပါသည်။ စီမံကိန်း စက်ဝန်း အကြောင်းကို ဦးစည်သူနောင်မှ တင်ပြဆွေးနွေး ခဲ့ပါသည် ။ အဓိကတာဝန်ရှိသူများ ၏ အခန်းကဏ္ဍကို ဦးသန့်စင်ဦးမှ တင်ပြဆွေးနွေး ခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန် အတွက် စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ရှင်းပြ ခဲ့ပြီး စေတနာ့ ဝန်ထမ်း(၂) ဦးကိုရွေးခြယ်ခဲ့ပါသည်။

နေ့လည် (၁၂း၃၀) တွင်အစည်းအဝေးခနနား၍ နေ့လည် (၁)နာရီတွင်ပြန်စခဲ့ပါသည် ။ အစည်းအဝေး ပြန်စ ချိန်တွင် တက်ရောက်လာသူများအား အဖွဲ့ (၃) ဖွဲ့ခွဲ၍ PRA Tool သုံးသပ်ခဲ့ပြီး PRA Tool တစ်ခုချင်းစီ အလိုက် ပြန်လည်တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဦးစည်သူနောင် မှ အစည်းအဝေးစတင်ချိန်မှစ၍ ယခုချိန်ထိ ဆွေးနွေးခဲ့သော အကြောင်းအရာများကို ပြန်လည် အနှစ်ချုပ် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ညနေ (၃) နာရီအချိန်တွင် အစည်းအဝေးတက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အစည်းအဝေးပြီးဆုံး ကြော်ငြာခဲ့ပြီး အစည်းအဝေးကို ပိတ်သိမ်းခဲ့ ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်စိန်မို့မို့လှိုင်

## ၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ